ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

# ပြင်သစ်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်း
# လေ့လာတင်ပြခြင်း

စာတမ်းပြုစုသူ – ဦးသိန်းထွန်း
လက်ထောက်ညွှန်ကြားရေးမှူး
ပစ္စည်းထောက်ပံ့ဌာနခွဲ

၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၂ ရက်    နေပြည်တော်

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| နိဒါန်း | | ၁ |
| ၁။ | နိုင်ငံ၏ပထဝီဝင်အနေအထားနှင့် နိုင်ငံဖွဲ့စည်းတည်ဆောက်ပုံ | ၂ |
| ၂။ | နိုင်ငံ့သမိုင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ | ၃ |
| ၃။ | ဖွဲ့စည်းပုံအခြေခံဥပဒေ၏ပုံစံနှင့် အကျိုးသက်ရောက်မှု | ၆ |
| ၄။ | စာချုပ်များနှင့် နိုင်ငံတကာသဘောတူညီချက်များ | ၇ |
| ၅။ | အုပ်ချုပ်ရေးကဏ္ဍ | ၈ |
| ၆။ | ဥပဒေပြုရေးကဏ္ဍ | ၁၀ |
| ၇။ | ဥပဒေပြဋ္ဌာန်းရေးလုပ်ငန်းစဉ်များ | ၁၀ |
| ၈။ | တရားစီရင်ရေးကဏ္ဍ | ၁၁ |
| ၉။ | စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကောင်စီ | ၁၅ |
| ၁၀။ | နိုင်ငံသားဖြစ်မှု | ၁၆ |
| ၁၁။ | အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်အဖွဲ့ | ၁၆ |
| ၁၂။ | အခြေခံအခွင့်အရေးများ | ၁၇ |
| ၁၃။ | တပ်မတော်နှင့် နိုင်ငံတော်အရေးပေါ်အခြေအနေ | ၁၇ |
| ၁၄။ | ဥရောပသမဂ္ဂ | ၁၈ |
| ၁၅။ | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(New Caledonia) | ၁၉ |
| ၁၆။ | ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း | ၁၉ |
| ၁၇။ | အပြန်အလှန်ထိန်းကျောင်းခြင်း | ၂၀ |
| နိဂုံး | | ၂၁ |

# ပြင်သစ်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေအား လေ့လာတင်ပြခြင်း

နိဒါန်း

၁။ ပြင်သစ်နိုင်ငံသည် အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးအာဏာများကို ရှင်းရှင်းလင်းလင်း ပိုင်းခြားလျက် တရားဥပဒေစိုးမိုးရေးကို အခြေခံသည့် ပါလီမန်နှင့် သမ္မတစနစ်ဒီမိုကရေစီ နိုင်ငံတစ်နိုင်ငံဖြစ်သည်။ တရားစီရင်ရေးအာဏာကိုလည်း ပိုင်းခြားသုံးစွဲသည်။ ပြင်သစ်နိုင်ငံ သည် ၂၀၀၃ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် ပြင်သစ်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဖွဲ့စည်းပုံအခြေခံဆိုင်ရာအက်ဥပဒေကို ပြဋ္ဌာန်းပြီးနောက်တွင် ဗဟိုချုပ်ကိုင်မှုလျှော့ချရေးကို တိုးမြှင့်ခဲ့သည့် တစ်ပြည်ထောင်နိုင်ငံဖြစ်သည်။ ၁၉၅၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ၁၇၈၉ ခုနှစ် လူပုဂ္ဂိုလ်များနှင့် နိုင်ငံသားများ၏ အခွင့်အရေးကြေညာစာတမ်း (the 1789 Declaration of the Rights of Man and of the Citizen)ပါ လူ့အခွင့်အရေးများကို အာမခံပေးထားသည်။ ပြည်သူ့အာဏာပိုင်များအနေဖြင့်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာရသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီသည် အဆိုပါလေးစား လိုက်နာမှုကို အာမခံပေးရသော်လည်း လူပုဂ္ဂိုလ်တစ်ဦးချင်းစီအနေဖြင့် ကောင်စီသို့ လျှောက် ထားနိုင်ခွင့်မရှိပေ။ ၁၉၇၀ ပြည့်နှစ်မှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီ၏ အခန်း ကဏ္ဍမှာ ပိုမိုခိုင်မာအားကောင်းလာခဲ့ပါသည်။

၂။ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်အကြီးအကဲဖြစ်သည်သာမက အရေးကြီးသည့် အုပ်ချုပ်ရေးအာဏာများကိုလည်း ကျင့်သုံးသည်။ ဝန်ကြီးချုပ်၏အာဏာသည် သမ္မတ၏ သဘောထားဆန္ဒအပေါ် များစွာမှီတည်နေပါသည်။ ဝန်ကြီးချုပ်သည် အမျိုးသားလွှတ်တော် (ပါလီမန်)ကိုသာလျှင် တာဝန်ခံရပြီး နိုင်ငံတော်သမ္မတကို တာဝန်မခံရပေ။ ပါလီမန် ရွေးကောက်ပွဲများကို ပါတီစုံယှဉ်ပြိုင်လျက် တိုက်ရိုက်လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးချယ်သည်။

၃။ ဖွဲ့စည်းပုံအခြေခံဥပဒေကို လွှတ်တော်(၂)ရပ်၏ ပူးတွဲအစည်းအဝေးကဖြစ်စေ သို့မဟုတ် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့်ဖြစ်စေ ပြင်ဆင်နိုင်ပါသည်။ ဘာသာရေးလွတ်လပ်ခွင့် များကို အာမခံပေးထားပြီး ယခင်က အစဉ်အလာရှိခဲ့သော်လည်း နိုင်ငံရေးရာများတွင် ဘုရား ကျောင်းနှင့် နိုင်ငံတော်ကို ခွဲခြားထားသည်။ အစိုးရအဖွဲ့၏ လက်အောက်တွင် တပ်မတော် ကို ဖွဲ့စည်းထားရှိပါသည်။

၄။ ပြင်သစ်နိုင်ငံသည် ဥရောပသမဂ္ဂဖွဲ့စည်းတည်ထောင်မှုတွင် ဦးဆောင်အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်ပါသည်။ ပြင်သစ်နိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အမြဲတမ်း အဖွဲ့ဝင် (၅)နိုင်ငံတွင် ပါဝင်သည်။ ပြင်သစ်ဘာသာစကားသည် ကမ္ဘာပေါ်တွင် ဆဋ္ဌမမြောက်

အပြောများဆုံးဘာသာစကားဖြစ်၍ ပြင်သစ်စကားပြောသည့် နိုင်ငံပေါင်း (၂၉)နိုင်ငံရှိပြီး လူဦးရေအားဖြင့် (၂၇၄) သန်းခန့်ရှိပါသည်။ ထူးခြားချက်အနေဖြင့် ကနေဒါနိုင်ငံ၊ ကွီဘက်ပြည်နယ်သည် ပြင်သစ်စကားပြောသည့် ပြည်နယ်တစ်ပြည်နယ်ဖြစ်သည်။

**နိုင်ငံ၏ ပထဝီဝင်အနေအထားနှင့် နိုင်ငံဖွဲ့စည်းတည်ဆောက်ပုံ**

**၅။** ပြင်သစ်နိုင်ငံ၏ အကျယ်အဝန်းမှာ ၅၅၁၅၀၀ စတုရန်းကီလိုမီတာ ရှိပါသည်။ နိုင်ငံ၏ အရှေ့မြောက်ဘက်တွင် ဘယ်လ်ဂျီယံနိုင်ငံနှင့် လူဇင်ဘတ်နိုင်ငံ၊ အရှေ့ဘက်တွင် ဂျာမဏီနိုင်ငံ၊ ဆွစ်ဇာလန်နိုင်ငံနှင့် အီတလီနိုင်ငံ၊ တောင်ဘက်တွင် မြေထဲပင်လယ်၊ မိုနာကိုနိုင်ငံ၊ စပိန်နိုင်ငံနှင့် အန်ဒိုရာနိုင်ငံ၊ အနောက်ဘက်တွင် ဘစ်ဆေးပင်လယ်အော်နှင့် အတ္တလန္တိတ်သမုဒ္ဒရာ၊ မြောက်ဘက်တွင် အင်္ဂလိပ် ရေလက်ကြားတို့နှင့် ထိစပ်လျက်ရှိပါသည်။ နိုင်ငံ၏ မြို့တော်မှာ ပဲရစ်မြို့ဖြစ်သည်။ ပင်လယ်ရပ်ခြားဒေသများ(Oversea Regions) အပါအဝင် နိုင်ငံ၏လူဦးရေမှာ ၂၀၂၃ ခုနှစ် စာရင်းအရ ၆၈ သန်းကျော်ရှိပါသည်။ တရားဝင်ရုံးသုံး ဘာသာစကားမှာ ပြင်သစ်ဘာသာစကား ဖြစ်ပါသည်။

၆။ ပြင်သစ်နိုင်ငံသည် ဗဟိုချုပ်ကိုင်မှုလျှော့ချထားသော တစ်ပြည်ထောင်နိုင်ငံဖြစ်သည်။ နိုင်ငံကို regions, departments, arrondissements, cantonsနှင့် communesများဖြင့် ခွဲခြားထားသည်။ ဒေသဆိုင်ရာအဖွဲ့အစည်းများဖြစ်ကြသည့် regions, departmentsနှင့် communesများ၏ တည်ရှိမှုနှင့် လုပ်ပိုင်ခွင့်အာဏာများကို ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် သတ်မှတ်ပေးထားသည်။ အဖွဲ့အစည်းများ၏ အရွယ်အစားနှင့် လူဦးရေမှာ အလွန်ကွဲပြားကြသည်။ ပြင်သစ်နိုင်ငံကို ဒေသကြီး (၁၈)ခု ခွဲခြားထားပြီး ပြင်သစ်ပြည်မကြီးတွင် ဒေသကြီး (၁၂)ခု၊ ဥရောပတွင် Corsicaဒေသကြီး၊ ကာရေဘီယံဒေသတွင် Guadeloupe ဒေသကြီးနှင့် Martiniqueဒေသကြီး၊ တောင်အမေရိကရှိ French Guianaဒေသကြီး၊ အရှေ့အာဖရိကအနီးရှိ အိန္ဒိယသမုဒ္ဒရာတွင် Mayotteဒေသကြီးနှင့် Reunionဒေသကြီးတို့ဖြင့် ဒေသကြီး ၆ ခု တို့ဖြစ်ကြပါသည်။ ၎င်းတို့အား ဥရောပတိုက်တွင်ရှိသော မြို့ပြဒေသကြီးများ (the Metropolitan Regions)နှင့် ဥရောပတိုက်ပြင်ပတွင်ရှိသော ပင်လယ်ရပ်ခြားဒေသကြီးများဟူ၍ ပိုင်းခြားထားကြောင်း တွေ့ရှိရသည်။ ပြင်သစ်နိုင်ငံ၏ မြို့ပြဒေသကြီးများ (the Metropolitan Regions)ကို Corsica ဒေသကြီးအပါအဝင် ဒေသကြီးပေါင်း ၁၃ ခု ခွဲခြားထားပြီး Corsica ဒေသကြီးသည်လည်း အခြားဒေသကြီး ၁၂ခုကဲ့သို့ပင် ဒေသအာဏာပိုင်အဖြစ် အဆင့်အတန်းတူညီကြောင်း လေ့လာတွေ့ရှိရပါသည်။

၇။ ဒေသကြီးများကို ဒေသအာဏာပိုင်ဖြစ်သော department ပေါင်း ၉၆ ခုဖြင့်လည်းကောင်း၊ department များကို arrondissement ပေါင်း ၃၂၀ ခု၊ canton ပေါင်း ၁၉၉၅ ခုနှင့်

ဒေသအာဏာပိုင်ဖြစ်သော commune ပေါင်း ၃၄၈၂၆ ခုတို့ဖြင့်လည်းကောင်း ခွဲခြားထားပါသည်။

၈။ မြို့ပြ commune (၃)ခုဖြစ်သည့် ပဲရစ်၊ မာဆေးနှင့် လိုင်ယွန်မြို့များအား municipial arrondissmentများဖြင့် ခွဲခြားထားပါသည်။ ပဲရစ်မြို့တွင် arrondissmentပေါင်း (၂၀)ခု၊ မာဆေးမြို့တွင် arrondissment ပေါင်း (၁၆)ခုနှင့် လိုင်ယွန်မြို့တွင် arrondissmentပေါင်း (၉)ခုရှိပါသည်။ မာဆေးမြို့အား municipal sectorပေါင်း (၈)ခုဖြင့် ထပ်မံခွဲခြားထားပြီး sector တိုင်းတွင် arrondissment (၂)ခုစီ ပါဝင်ပါသည်။

၉။ ပယ်လယ်ရပ်ခြားဒေသများတွင် ပယ်လယ်ရပ်ခြားဒေသကြီး (Overseas Regions) (၅)ခု၊ ပင်လယ်ရပ်ခြားစုပေါင်းထားသည့်အစုအဖွဲ့ (Oversea Collectives) (၅)ခု (French Polynesia၊ Saint **arthelemy၊ Saint Martin၊ Saint Pierre and Miquelon၊ Wallis and Futuna)**နှင့် အထူးအဆင့်ရှိ ပင်လယ်ရပ်ခြားဒေသတို့ပါဝင်ပါသည်။

**နိုင်ငံ့သမိုင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ**

၁၀။ ပြင်သစ်နိုင်ငံသည် မူလက ဂေါလ်(Gaul) သို့မဟုတ် ဂယ်လီယာ(Gallia)ဟု အမည်တွင်ခဲ့သည်။ ဂျူးလီယက်ဆီဆာသည် ရောမများကို ဂေါလ်သို့ ပို့ဆောင်ခဲ့စဉ် ဆဲလ်လူမျိုးများက နယ်မြေကို အုပ်စိုးလျက်ရှိနေခဲ့သည်။ BCE 121 တွင် ရောမတပ်များသည် ဆဲလ်တစ်လူမျိုးများအပေါ် အောင်နိုင်ခဲ့ပြီး ရောမအင်ပါယာသည် ပထမဆုံးရောမပြည်နယ်ကို နာဘွန်ဒေသတွင် တည်ထောင်ခဲ့သည်။ ကာသေ့တို့၏ ပြိုင်ဘက်ဖြစ်သည့် ရောမတို့ကို မဟာမိတ်ဖွဲ့ထားသော မာဆေးလ်သည် ကုန်သွယ်မှုအတွက် အရေးပါသောဒေသ ဖြစ်လာခဲ့သည်။ ဂျူးလီးယက်ဆီဆာသည် *Lutetia* မြို့ကို (နောင်တွင် ပဲရစ်)ကို BC 52 တွင် တည်ထောင်ခဲ့ပါသည်။ ထို့အချိန်က တောင်ပိုင်းမြို့ *Lugdunum*(လိုင်ယွန်)သည် ဂေါလ်၏ မြို့တော်ဖြစ်ပါသည်။ ၃ ရာစုမှစ၍ အရှေ့အရပ်မှ ဘာဘေရီယမ်တို့သည် ဂေါ်ဒေသကို စတင်ကျူးကျော်ခဲ့သည်။ CE 5 ရာစုတွင် ဂျာမန်နွယ်ဝင် Franksတို့သည် ယနေ့ ပြင်သစ်ဒေသတွင် အခြေချနေထိုင်ခဲ့ကြသည်။ Frank ဘုရင် ချားလ်သည်ဂရိတ် သို့မဟုတ် ချာလီမင် (၇၄၂–၈၁၄)သည် ၈၄၃ ဘာဒန်(Verdum)စာချုပ်အရ ပိုင်းခြားခဲ့သည့် ဥရောပအင်ပါယာကို တည်ထောင်ခဲ့ပါသည်။ Frank၏ အနောက်ပိုင်းနယ်မြေသည် ပြင်သစ်နိုင်ငံအဖြစ် ပေါ်ပေါက်လာခဲ့ပါသည်။

၁၁။ ချားလ်မင်းဆက် ပျက်သုဉ်းပြီးနောက် BC 987တွင် ဟုချ်ကာပက်သည် ပြင်သစ်ဘုရင်ဖြစ်လာသည်။ သို့သော် အစောပိုင်းတွင် ကာပက်မင်းဆက်သည် အင်အားကြီးမားသည့် မြေရှင်ပဒေသရာဇ်များအပေါ် ဩဇာလျော့နည်းခဲ့သည်။ သို့ရာတွင် ဘုရားကျောင်း၏ ကူညီမှု

နှင့် ဥစ္စာဓနတိုးပွားလာခြင်းတို့ကြောင့် ကာပက်ဘုရင်စနစ်မှာ အားကောင်းလာခဲ့သည်။ ဖီးလစ်ပီ (၄)သည် ပုပ်ရဟန်းမင်းကြီးအား ဆန့်ကျင်လျက် ဘုရင့်အာဏာကို ကာကွယ်ခဲ့ပြီး သူကောင်းမျိုးနွယ်ကိုယ်စားပြုအဖွဲ့ဖြစ်သည့် **ပထမအကြိမ်အထွေထွေညီလာခံ**(the first Estates General)အား ၁၃၀၂ ခုနှစ်တွင် ခေါ်ယူကျင်းပခဲ့သည်။ သို့ရာတွင် ကာပက်တို့၏ တန်ခိုးအာဏာကြီးထွားမှုမှာ နှစ်တစ်ရာစစ်ပွဲ (၁၃၃၇–၁၄၅၃)ကြောင့် ပျက်သုဉ်းခဲ့ရပါသည်။

၁၂။ ၁၆ ရာစုတွင် ကက်သလစ်နှင့် ကယ်လ်ဗင်အယူဝါဒတို့အကြားရှိ ဘာသာရေးစစ်ပွဲများကြောင့် အကျပ်အတည်းအသစ်များကို ပေါ်ပေါက်စေခဲ့ပါသည်။ ဟင်နရီ (၄)သည် ၁၅၉၈ ခုနှစ်၊ နန့်တက်စ်အမိန့် (the 1598 Edict of Nantes)ဖြင့် ဘာသာရေးငြိမ်းချမ်းမှု တည်ဆောက်ခဲ့ပြီး ဘုရင့်အာဏာကို ပြန်လည်ရယူခဲ့ပါသည်။ လူဝီ (၁၃)သည် ကာဒီနယ် ရစ်ချယ်လီယူ၏ အကူအညီရယူလျက် ၁၆၄၈ ခုနှစ်မှ ၁၆၅၃ ခုနှစ်အထိ ရှည်ကြာခဲ့သော ပြည်တွင်းစစ် The Frondesအား နှိမ်နင်းနိုင်ခဲ့ပြီး အကြွင်းမဲ့ဘုရင်စနစ်ကို တည်ထောင်ခဲ့ပါသည်။ ၎င်းအား ဆက်ခံသူ လူဝီ (၁၄)သည် ပြင်သစ်နိုင်ငံ၏ သက်ဦးဆံပိုင်ဘုရင်တစ်ပါး ဖြစ်ခဲ့သည်။

၁၃။ လူဝီ (၁၆)သည် ဘဏ္ဍာရေးအကြပ်အတည်းများနှင့် ဆိုးကျိုးများကြောင့် အသိဉာဏ် ပညာရလာပြီး ၁၇၈၉ ခုနှစ်တွင် အထွေထွေညီလာခံ(the Estates General)ကို ခေါ်ယူ ကျင်းပခဲ့သည်။ ထို့ကြောင့် ၁၇၈၉ ခုနှစ်၊ ပြင်သစ်တော်လှန်ရေး ဖြစ်ပေါ်စေခဲ့ပြီး ဘုရင်စနစ် မှာ ချုပ်ငြိမ်းသွားခဲ့သည်။ ၁၇၈၉ ခုနှစ် လူ့ပုဂ္ဂိုလ်များနှင့် နိုင်ငံသားများ၏ အခွင့်အရေး ကြေညာစာတမ်းကို ပြဋ္ဌာန်းခဲ့ပြီးနောက် ၁၇၈၉ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့တွင် သူကောင်း မျိုးနွယ်အခွင့်အရေးများကို ဖျက်သိမ်းလိုက်ပြီး ပြည်သူ့တန်းတူညီမျှမှုကို ကြေညာခဲ့သည်။ **၁၇၉၁ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်** ပါလီမန်ဘုရင်စနစ်ကို တည်ထောင်ခဲ့ပြီး ဘုရင်အား ကန့်သတ်အာဏာများသာလျှင် အပ်နှင်း ထားပါသည်။ ၁၇၉၂ ခုနှစ်တွင် အမျိုးသားညီလာခံက ဘုရင်စနစ် ဖျက်သိမ်းပြီးနောက် ပထမသမ္မတနိုင်ငံတော် တည်ထောင်ခဲ့ပါသည်။

၁၄။ ပထမသမ္မတနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၇၉၃ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့ တွင် ပြဋ္ဌာန်းခဲ့သည်။ ယင်းသည် ဗဟိုချုပ်ကိုင်မှုလျှော့ချလျက် ဒီမိုကရေစီစနစ်ကိုအစပြုခဲ့ သည်။ ထို့နောက် ၁၇၉၅ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တစ်ရပ်ကို ပြဋ္ဌာန်းခဲ့ပြီး ၁၇၉၉ ခုနှစ်အထိ သက်တမ်းကြာခဲ့သည်။ ထိုအချိန်က ဗိုလ်ချုပ် နပိုလီဘံဘိုနာဘတ်သည် အာဏာသိမ်းယူခဲ့ပြီး ၁၇၉၉ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ နပိုလီယံသည် လူထုဆန္ဒခံယူပွဲဖြင့် ၁၈၀၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းခဲ့ပြီး အဆိုပါဖွဲ့စည်းပုံ

အခြေခံဥပဒေအရ သမ္မတအုပ်ချုပ်ရေးစနစ်မှ အင်ပါယာစနစ်သို့(ပထမအင်ပါယာ) ပြောင်းလဲကျင့်သုံးခဲ့ပါသည်။ ဧကရာဇ်သည် နိုင်ငံတော်ကို အုပ်ချုပ်ရာတွင် ဗဟိုချုပ်ကိုင်မှုစနစ်ကျင့်သုံးခဲ့ပြီး တည်ဆဲတရားမဥပဒေ၊ ပြစ်မှုဆိုင်ရာဥပဒေကဲ့သို့သော အရေးကြီးသည့် ဥပဒေများကို ပြဋ္ဌာန်းခဲ့ပါသည်။

၁၅။ လူဝီ (၁၈)သည် ဘုရင်စနစ်ကို ပါလီမန်က ထိန်းကျောင်းသည့် ၁၈၁၄ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပဋိညာဉ်စာတမ်း (the 1814 Constitutional Charter)ကို ပြဋ္ဌာန်းခဲ့ပြီး ပါလီမန်အုပ်ချုပ်ရေးစနစ် (၁၈၁၄–၁၈၃၀)ကို ပြန်လည်ထူထောင်ခဲ့ပါသည်။ ၁၈၁၅ ခုနှစ်၊ ပဋိညာဉ်စာတမ်းကို နပိုလီယမ် (၁) က ၁၈၁၅ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင် လက်မှတ်ရေးထိုး ပြဋ္ဌာန်းခဲ့ပါသည်။ ၁၈၃၀ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သော ၁၈၃၀ ခုနှစ်၊ ပဋိညာဉ်စာတမ်း (The Charter of 1830) ဖြင့် ဇူလိုင်ဘုရင်စနစ် (the July Monarchy) (၁၈၃၀–၄၈)ကို တည်ထောင်ခဲ့သည်။ အဆိုပါ ၁၈၃၀ ခုနှစ်၊ ပဋိညာဉ်စာတမ်းသည် နိုင်ငံတော်အချုပ်အခြာအာဏာကို အခြေခံသည့် ပါလီမန်ဘုရင်စနစ် ဖော်ဆောင်ပေးခဲ့သည်။

၁၆။ ၁၈၄၈ ခုနှစ်တွင် ပြင်သစ်တော်လှန်ရေးကြောင့် ဤအုပ်ချုပ်ရေးစနစ်မှာ ပျက်သုဉ်းခဲ့ရပါသည်။ ယာယီအစိုးရသည် အထွေထွေညီလာခံ (a constituent assembly) ခေါ်ယူကျင်းပခဲ့ပြီး အဆိုပါညီလာခံက ၁၈၄၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းပေးခဲ့ပြီး ဒုတိယသမ္မတနိုင်ငံတော်ကို တည်ထောင်ခဲ့ပါသည်။ ၁၈၅၁ ခုနှစ်တွင် အာဏာသိမ်းမှုဖြစ်ပွားခဲ့ပြီးနောက် မင်းသား လူဝီ–နပိုလီယံဘိုနာဘတ်သည် ပြင်သစ်ပြည်သူများ၏ ထောက်ခံမှုဖြင့် ၁၈၅၂ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပြဋ္ဌာန်းခဲ့ပြီး ဒုတိယအင်ပါယာကို တည်ထောင်ခဲ့သည်။ ၁၈၇၀ ခုနှစ်၊ ပြင်သစ်–ပရပ်ရှားစစ်ပွဲတွင် စစ်ရေးရှုံးနိမ့်ခဲ့ပြီး အဆိုပါ အင်ပါယာသည်လည်း ပျက်သုဉ်းသွားခဲ့ပါသည်။

၁၇။ ၁၈၇၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၄၊ ၂၅)ရက်နေ့နှင့် ဇူလိုင် ၁၆ ရက်နေ့တို့တွင် ၁၈၇၅ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာဥပဒေများကို ပြဋ္ဌာန်းခဲ့ပြီး တတိယသမ္မတနိုင်ငံတော်ကို တည်ထောင်ခဲ့သည်။ ယင်းဖွဲ့စည်းပုံအခြေခံဥပဒေများအရ ပါလီမန်အုပ်ချုပ်ရေးစနစ် ကျင့်သုံးခဲ့ပါသည်။ လွတ်လပ်စွာ ထုတ်ဝေခွင့်၊ လွတ်လပ်စွာ စုဝေးခွင့်နှင့် အသင်းအဖွဲ့ ဖွဲ့စည်းခွင့်၊ နိုင်ငံတော်အခွင့်အရေးများ၊ ဘုရားကျောင်းနှင့် နိုင်ငံတော်ကို ပိုင်းခြားထားခြင်း၊ မသင်မနေရပညာရေးစနစ်စသည်တို့ကို ခိုင်မာအားကောင်းစေသည့် ဥပဒေများအား တတိယသမ္မတနိုင်ငံတော်တွင် ပြဋ္ဌာန်းခဲ့ကြသည်။

၁၈။ ၁၉၄၀ ပြည့်နှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာဥပဒေကို အထက်လွှတ်တော်နှင့် အောက်လွှတ်တော်တို့ပါဝင်သည့် အမျိုးသားလွှတ်တော်(the General Assembly)က ၁၉၄၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။ ထို့နောက် ပြင်သစ်သမ္မတ နိုင်ငံယာယီအစိုးအဖွဲ့ကို ဖွဲ့စည်းသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာဥပဒေကို ၁၉၄၅ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ပေါ်ပေါက်သည့်အထိ (၁)နှစ်ကြာခဲ့ပါသည်။ ပြင်သစ်နိုင်ငံသည် ဒုတိယကမ္ဘာစစ်တွင် ဂျာမန်တို့ထံမှ လွတ်လပ်ရေး ရရှိပြီးနောက် စတုတ္ထသမ္မတနိုင်ငံတော်ကို ၁၉၄၆ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် တည်ထောင်ခဲ့ပါသည်။ အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ နိဒါန်းတွင် ၁၇၈၉ ခုနှစ် လူပုဂ္ဂိုလ်များနှင့် နိုင်ငံသားများ၏ အခွင့်အရေးကြေညာစာတမ်းပါ မူသဘောတရားများကို ထည့်သွင်းလျက် စီးပွားရေးနှင့် လူမှုအခွင့်အရေးများကို ပြဋ္ဌာန်းထားပါသည်။ အထူးသဖြင့် သပိတ်မှောက်ပိုင်ခွင့်ကို အသိအမှတ်ပြုထားကြောင်း လေ့လာတွေ့ရှိရပါသည်။

၁၉။ အယ်ဂျီရီးယားအရေးအခင်းကြောင့် စတုတ္ထသမ္မတနိုင်ငံတော်မှာ ပျက်သုဉ်းခဲ့ရပြီး ပြင်သစ်ကိုလိုနီနယ်ချဲ့ဝါဒမှာလည်း အဆုံးသတ်ခဲ့ပါသည်။ လက်ရှိ ကျင့်သုံးလျက်ရှိသော ၁၉၅၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၅၈ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး အဆိုပါဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ပဉ္စမသမ္မတနိုင်ငံတော်ကို တည်ထောင်ခဲ့ပါသည်။ အဆိုပါဖွဲ့စည်းပုံအခြေခံဥပဒေတွင် အထူး သဖြင့် နိုင်ငံတော်သမ္မတ၏ အုပ်ချုပ်ရေးအာဏာကို ပြန်လည်ကျင့်သုံးခဲ့ပါသည်။

၂၀။ ပြင်သစ်သမ္မတနိုင်ငံသည် ဥရောပသမဂ္ဂ၏ တည်ထောင်သူ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ ပြင်သစ်နိုင်ငံသည် ဥရောပပေါင်းစည်းရေးတွင် ပါဝင်ဆောင်ရွက်လျက်ရှိပြီး ကမ္ဘာပေါ်တွင် တည်ငြိမ်အေးချမ်းရေးတိုးတက်ရန်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေ၏ပုံစံနှင့် အကျိုးသက်ရောက်မှု**

၂၁။ ပြင်သစ်နိုင်ငံတွင် လက်ရှိကျင့်သုံးနေသော ဖွဲ့စည်းပုံအခြေခံဥပဒေသည် ၁၉၅၈ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်တွင် ပြဋ္ဌာန်းသည့် စာဖြင့်ရေးသားထားသော ဖွဲ့စည်းပုံအခြေခံ ဥပဒေဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် စတုတ္ထသမ္မတနိုင်ငံတော်၏ ၁၉၄၆ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနိဒါန်းနှင့် ၁၇၈၉ ခုနှစ် လူပုဂ္ဂိုလ်များနှင့် နိုင်ငံသားများ၏ အခွင့်အရေး ကြေညာစာတမ်းတို့ ပါဝင်နေပါသည်။ ဤမတူညီသော ပြဋ္ဌာန်းချက်များသည် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာအင်အားရှိကြပြီး သာမန်ဥပဒေများအပေါ် လွှမ်းမိုးမှုရှိကြသည်။ အပြည်ပြည်ဆိုင်ရာဥပဒေများသည် ပြင်သစ်နိုင်ငံတွင် အသုံးပြုနိုင်ရန်အလို့ငှာ ဖွဲ့စည်းပုံ

အခြေခံဥပဒေနှင့် ညီညွတ်မှုရှိရမည်။ ဥရောပသမဂ္ဂက ပြဋ္ဌာန်းလိုက်သည့် ဥပဒေများသည်လည်း အဖွဲ့ဝင်နိုင်ငံများ၏ ဥပဒေများအပေါ် လွှမ်းမိုးမှုရှိသည်။ ပြင်သစ်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ထူးခြားချက်အနေဖြင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အလျောက် ဥရောပသမဂ္ဂနှင့်ပတ်သက်၍ သီးခြားခေါင်းစဉ်ဖြင့် ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ ထို့အပြင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာပဋိညာဉ်စာတမ်းကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းထားသည်။

၂၂။ ပြင်သစ်ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်အာဏာပိုင်အဖွဲ့အစည်းများအားလုံးအပေါ် စည်းနှောင်မှုရှိပြီး ၎င်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတန်ဖိုးဖြစ်သော အခြေခံမူသဘောတရာများ၏အနှစ်သာရပင်ဖြစ်ပါသည်။ မူသဘောတရားအရ ဥပဒေအားလုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ရမည်ဖြစ်ပါသည်။ သို့သော် ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိ/ မရှိ ဆုံးဖြတ်နိုင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီသို့ တင်သွင်းနိုင်ကြောင်း ပြဋ္ဌာန်းထားပါသည်။

၂၃။ ၁၉၅၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၀၈ ခုနှစ်အထိ (၂၄)ကြိမ် ပြင်ဆင်ခဲ့ပြီးဖြစ်ပါသည်။ ပြင်သစ်သမ္မတနိုင်ငံသည် ဗဟိုချုပ်ကိုင်မှုလျှော့ထားသော တစ်ပြည်ထောင်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး နိုင်ငံတော်သမ္မတ၊ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့၊ လွှတ်တော် (၂)ရပ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီပါဝင်သော တရားစီရင်ရေးတို့ဖြင့် ဖွဲ့စည်းတည်ထောင်ထားပါသည်။ ပြင်သစ်သမ္မတနိုင်ငံ၏ ဥပဒေစနစ်သည် ဥရောပဥပဒေစနစ်(Civil Law System)ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**စာချုပ်များနှင့် နိုင်ငံတကာသဘောတူညီချက်များ**

၂၄။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၅၂)အရ နိုင်ငံတော်သမ္မတသည် နိုင်ငံတကာစာချုပ်များအား ဆွေးနွေးအတည်ပြုနိုင်သည်။ သဘောတူအတည်ပြုချက်မရရှိသေးသော နိုင်ငံတကာ သဘောတူစာချုပ်များ ချုပ်ဆိုရန်အတွက် မည်သည့်ဆွေးနွေးမှုကိုမဆို နိုင်ငံတော်သမ္မတထံ အကြောင်းကြားရမည်ဖြစ်ပါသည်။

၂၅။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၅၃)အရ ငြိမ်းချမ်းရေးစာချုပ်များ၊ ကုန်သွယ်ရေးသဘောတူညီချက်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်သက်ဆိုင်သည့် စာချုပ်များ သို့မဟုတ် သဘောတူညီချက်များအား ပါလီမန်အက်ဥပဒေတစ်ရပ်အရသာ အတည်ပြုနိုင်သည်။ အဆိုပါစာချုပ်များသည် အတည်ပြုလက်မှတ်ရေးထိုးခြင်း သို့မဟုတ် အတည်ပြုခြင်းများ မရှိသေးပါက အကျိုးသက်ရောက်မှုမရှိပေ။

၂၆။ နိုင်ငံတော်သမ္မတ၊ ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၆၀)ဦး သို့မဟုတ် အထက်လွှတ်တော်ကိုယ်စားလှယ် (၆၀)ဦးတို့က အပြည်ပြည်ဆိုင်ရာသဘောတူညီချက်နှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီသို့ တင်သွင်းလာသည့်အခါ အဆိုပါစာချုပ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဆန့်ကျင်သော အပြည်ပြည်ဆိုင်ရာတာဝန်ရှိမှု အပိုဒ်တစ်ခုပါဝင်နေသည်ဟု ဆုံးဖြတ်ခဲ့လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ပြီးမှသာ လက်မှတ်ရေးထိုးခွင့် သို့မဟုတ် အတည်ပြုရန် အာဏာလွှဲအပ်ပေးပိုင်ခွင့်ရှိကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၅၄)တွင် ပြဋ္ဌာန်းထားသည်ကို လေ့လာတွေ့ရှိရပါသည်။

၂၇။ သို့ဖြစ်ပါ၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်သည့် အပြည်ပြည်ဆိုင်ရာဥပဒေများ/နိုင်ငံတကာစာချုပ်များကို အတည်ပြုလက်မှတ်ထိုးပြီး ပြည်တွင်း၌ ထုတ်ပြန်ပြီးပါက ပါလီမန်က ထုတ်ပြန်ခဲ့သော အက်ဥပဒေများအပေါ် လွှမ်းမိုးပြီးဖြစ်ကြောင်း* တွေ့ရပါသည်။ သို့ဖြစ်ပါ၍ ပြင်သစ်နိုင်ငံသည် Monistic Theoryကို ကျင့်သုံးကြောင်း လေ့လာတွေ့ရှိရပါသည်။

## အုပ်ချုပ်ရေးကဏ္ဍ

**၂၈။ နိုင်ငံတော်သမ္မတ။** နိုင်ငံတော်သမ္မတသည် နိုင်ငံတော်၏အကြီးအကဲဖြစ်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်လည်းဖြစ်သည်။ နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေကိုလေးစားလိုက်နာရမည်ဖြစ်ပါသည်။ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်လွတ်လပ်ရေး၊ နယ်မြေဒေသတည်တံ့ခိုင်မြဲရေးနှင့် စာချုပ်စာတမ်းများအား လေးစားလိုက်နာရေးတို့ကို အာမခံပေးရသူဖြစ်သည်။ ၁၉၅၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၈ အရ နိုင်ငံတော်သမ္မတတွင် ဝန်ကြီးချုပ်အပေါ် လွှမ်းမိုးသည့်အာဏာရှိပါသည်။

၂၉။ နိုင်ငံတော်သမ္မတအား သက်တမ်း (၅)နှစ်အတွက် လျှို့ဝှက်တိုက်ရိုက်ဆန္ဒမဲဖြင့် ရွေးချယ်ပြီး သက်တမ်း (၂)ကြိမ်ထက်ပို၍ တာဝန်ထမ်းဆောင်ခွင့်မရှိပေ။ နိုင်ငံတော်သမ္မတရွေးချယ်ရာတွင် ဆန္ဒမဲအများဆုံးရရှိသူကို သမ္မတအဖြစ်ရွေးချယ်သည်။ ပထမအကြိမ်ဆန္ဒမဲပေးရာတွင် ဆန္ဒမဲအများဆုံးမရရှိပါက ဒုတိယအကြိမ်ဆန္ဒမဲပေးခြင်းကို ၁၄ ရက်အတွင်း ကျင်းပရမည်ဖြစ်သည်။ ပထမအကြိမ်ဆန္ဒမဲပေးရာတွင် ဆန္ဒမဲအများဆုံးရရှိသူ(၂)ဦးက ဒုတိယ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ နိုင်ငံတော်သမ္မတအသစ်ရွေးကောက်ပွဲကို လက်ရှိသမ္မတသက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၂၀ ထက်မနည်း၊ ရက်ပေါင်း ၃၅ ထက်မပိုသော ကာလ

* Article 55 of the Constitution, 1958

အတွင်း ကျင်းပရမည်ဖြစ်ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၆ တွင် ပြဋ္ဌာန်းထား ပါသည်။

၃၀။ နိုင်ငံတော်သမ္မတသည် ဝန်ကြီးချုပ်ကို ခန့်အပ်ခြင်းနှင့် ထုတ်ပယ်ခြင်း၊ ဝန်ကြီးချုပ်၏ သဘောတူညီချက်ဖြင့် အစိုးရအဖွဲ့ အဖွဲ့ဝင်များကို ခန့်အပ်ခြင်း၊ ဝန်ကြီးများကောင်စီကို ကြီးကြပ်ခြင်း၊ ဥပဒေများကို ထုတ်ပြန်ကြေညာခြင်း သို့မဟုတ် ဗီတိုအာဏာဖြင့် ပယ်ချခြင်း၊ လူထုဆန္ဒခံယူပွဲဖြင့် အတည်ပြုရသော စာချုပ်စာတမ်းများအပါအဝင် ဥပဒေကြမ်းများကို စတင်တင်သွင်းခြင်း၊ ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌများနှင့် ညှိနှိုင်းတိုင်ပင်၍ ဥပဒေပြု အဖွဲ့ကို ဖျက်သိမ်းရန် သဘောတူညီခြင်း၊ ဝန်ကြီးများကောင်စီ၏ အမိန့်နှင့် ဒီကရီများကို လက်မှတ်ရေးထိုးခြင်း၊ အရပ်ဖက်နှင့် စစ်ဖက်ရာထူးများကို ခန့်အပ်ခြင်းနှင့် ဝန်ကြီးများ ကောင်စီ အစည်းအဝေးဆုံးဖြတ်ချက်အရ လိုအပ်သည့် အခြားရာထူးများကို ခန့်အပ်ခြင်း၊ နိုင်ငံခြား သံတမန်များကို ခန့်အပ်ခြင်း၊ လက်ခံခြင်း၊ ပုဒ်မ ၁၆ တွင် ပြဋ္ဌာန်းထားသော အရေးပေါ်အခြေအနေဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ ဥပဒေပြုအဖွဲ့နှင့် ဆက်သွယ် ဆောင်ရွက်ခြင်းနှင့် လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း စသည်တို့ကို လုပ်ပိုင်ခွင့်ရှိသည်။

၃၁။ **ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့။** အစိုးရအဖွဲ့သည် နိုင်ငံတော်၏မူဝါဒကို ချမှတ်အကောင် အထည်ဖော်ဆောင်ရွက်ရသည်။ ဝန်ကြီးချုပ်သည် အစိုးရအဖွဲ့၏ဆောင်ရွက်ချက်များကို ဦးဆောင်ရမည်ဖြစ်ပြီး နိုင်ငံတော်ကာကွယ်ရေးအတွက် တာဝန်ရှိသည်။ ဥပဒေများကို အကောင်အထည်ဖော်ဆောင်ရွက်ရသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၃ နှင့်အညီ စည်းမျဉ်းစည်းကမ်းများချမှတ်ရန် အခွင့်အာဏာရှိပြီး အရပ်ဘက်၊ စစ်ဘက်ဝန်ထမ်းများကို ခန့်အပ်သည်။

၃၂။ ဝန်ကြီးများကောင်စီ၏ သဘောတူညီချက်ဖြင့် ဝန်ကြီးချုပ်သည် အစိုးရအဖွဲ့၏ မူဝါဒများ ချမှတ်ခြင်း သို့မဟုတ် အမျိုးသားလွှတ်တော်တွင် အထွေထွေမူဝါဒ ထုတ်ပြန်ချက် များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်းများကို ဆောင်ရွက်ရမည်။

၃၃။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၆၈ (၁)အရ အစိုးရအဖွဲ့ အဖွဲ့ဝင်များသည် ၎င်းတို့ တာဝန်ထမ်းဆောင်ရာတွင် ဆောင်ရွက်ခဲ့သည့် ဆောင်ရွက်ချက်များအတွက် ပြစ်မှုကြောင်း အရ တာဝန်ရှိရမည်ဖြစ်ပြီး ၎င်းတို့ ကျူးလွန်ခဲ့သည့်အချိန်က ပြစ်မှုအမျိုးအစားအလိုက် ကြီးလေးသောရာဇဝတ်မှုများ သို့မဟုတ် အခြားသော အဓိကရာဇဝတ်မှုများအဖြစ် ခွဲခြား သတ်မှတ်နိုင်သည်။ အစိုးရအဖွဲ့ အဖွဲ့ဝင်များအား နိုင်ငံတော်တရားမျှတမှုဆိုင်ရာတရားရုံးက (the Court of Justice of the Republic) စစ်ဆေးစီရင်ရမည်ဖြစ်ပါသည်။

**ဥပဒေပြုရေးကဏ္ဍ**

၃၄။ **ပါလီမန်**။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၄ အရ ဥပဒေများကို ပါလီမန်က ပြဋ္ဌာန်းရသည်။ ပါလီမန်သည် အစိုးရ၏ဆောင်ရွက်ချက်များကို စောင့်ကြည့်စစ်ဆေးခြင်းနှင့် ပြည်သူ့မူဝါဒများကို အကဲဖြတ်သတ်မှတ်ခြင်းတို့ကို ဆောင်ရွက်ရသည်။ ပါလီမန်တွင် အမျိုးသားလွှတ်တော်(the National Assembly)နှင့် အထက်လွှတ်တော်(the Senate)တို့ ပါဝင်သည်။

၃၅။ **အမျိုးသားလွှတ်တော်**။ အမျိုးသားလွှတ်တော်သည် နိုင်ငံတော်အဆင့်တွင် ပြည်သူများ၏ ဗဟိုကိုယ်စားလှယ်အဖွဲ့အစည်းဖြစ်သည်။ အမျိုးသားလွှတ်တော်ကို ပြည်သူများက တိုက်ရိုက်ရွေးကောက်တင်မြှောက်သည့် ၅၇၇ ဦးထက်မပိုသော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားပါသည်။ အမျိုးသားလွှတ်တော်၏ သက်တမ်းမှာ ၅ နှစ်ဖြစ်ပါသည်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ပါလီမန်နာယကအဖြစ် ဆောင်ရွက်ရမည် ဖြစ်ပါသည်။

၃၆။ **အထက်လွှတ်တော်။** အထက်လွှတ်တော်ကို ကိုယ်စားလှယ် ၃၄၈ ဦးထက်မနည်းဖြင့် ဖွဲ့စည်းထားပြီး ကိုယ်စားလှယ်ရွေးချယ်ရေးအဖွဲ့များဖြင့် ရွေးချယ်သည်။ အထက်လွှတ်တော် ကိုယ်စားလှယ်များအဖြစ် အသက် ၂၄ နှစ်ပြည့်ပြီးသူတိုင်း ဝင်ရောက် ရွေးကောက်ခံနိုင်ကြောင်းနှင့် အထက်လွှတ်တော်သည် ဒေသဆိုင်ရာအဖွဲ့အစည်းများကို ကိုယ်စားပြုကြောင်း တွေ့ရှိရပါသည်။ အထက်လွှတ်တော်၏ သက်တမ်းမှာ ၆ နှစ်ဖြစ်ပြီး ကိုယ်စားလှယ် ထက်ဝက်ကို ၃ နှစ် တစ်ကြိမ် ပြန်လည်ရွေးကောက်တင်မြှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂ အရ ဥက္ကဋ္ဌကိုလည်း ၃ နှစ် တစ်ကြိမ် အထက်လွှတ်တော်ကိုယ်စားလှယ်များထဲမှ ပြန်လည်ရွေးကောက်တင်မြှောက်ပါသည်။

**ဥပဒေပြဋ္ဌာန်းရေးလုပ်ငန်းစဉ်များ**

၃၇။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉ အရ ပါလီမန်ကိုယ်စားလှယ်များနှင့် နိုင်ငံတော် ဝန်ကြီးချုပ်သည် ဥပဒေမူကြမ်းများကို စတင်တင်သွင်းခွင့်ရှိသည်။ ဥပဒေကြမ်းအများစုကို ဝန်ကြီးများကောင်စီက စတင်တင်သွင်းခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၃၇ အရ ပါလီမန်က အုပ်ချုပ်ရေးအဖွဲ့ကို အာဏာအပ်နှင်းပါက အုပ်ချုပ်ရေး အဖွဲ့သည် စည်းမျဉ်းစည်းကမ်းများနှင့် တစ်ချက်လွှတ်အမိန့်များကို ထုတ်ပြန်နိုင်ပါသည်။

၃၈။ ဥပဒေမူကြမ်းတစ်ရပ်ကို အုပ်ချုပ်ရေးအဖွဲ့က ရေးဆွဲတင်သွင်းလာပါက လွှတ်တော် တစ်ရပ်တွင် ဦးစွာဆွေးနွေးရမည်ဖြစ်ပါသည်။ အဆိုပါလွှတ်တော်က အတည်ပြုထားသည့် ဥပဒေမူကြမ်းကို အခြားလွှတ်တော်တွင် ဆွေးနွေးရမည်ဖြစ်ပြီး အမြဲတမ်းလွှတ်တော်

ကော်မတီ ၆ ခုအနက်မှ ကော်မတီတစ်ခုထံသို့ ထိုဥပဒေကြမ်းများကို ပေးပို့ရမည်ဖြစ်ပါသည်။

၃၉။ ဥပဒေကြမ်းတစ်ခုကို လွှတ်တော် ၂ ရပ်လုံးက သဘောတူရန်လိုအပ်ပါသည်။ လွှတ်တော်တစ်ရပ်ရပ်၏ သဘောတူညီချက်မရရှိပါက နိုင်ငံတော်ဝန်ကြီးချုပ်က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၇ ဦးနှင့် အထက်လွှတ်တော် ကိုယ်စားလှယ် ၇ ဦးတို့ဖြင့် ဖွဲ့စည်းထားသည့် ပူးတွဲကော်မရှင်ကို ခေါ်ယူကျင်းပရသည်။ ယင်းကော်မရှင်၏ သဘောတူညီချက်မရရှိလျှင် အုပ်ချုပ်ရေးအဖွဲ့အနေဖြင့် အဆိုပါဥပဒေကြမ်းနှင့်ပတ်သက်၍ တိတိကျကျဆုံးဖြတ်ပေးရန် အမျိုးသားလွှတ်တော်သို့ တောင်းခံနိုင်ပါသည်။

၄၀။ သို့ရာတွင် ဖွဲ့စည်းပုံအခြေခံဆိုင်ရာဥပဒေများ (Organic Laws)နှင့်စပ်လျဉ်း၍ ၁၅ ရက်အတွင်း အတည်ပြုပေးရန် လိုအပ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဆိုင်ရာဥပဒေများ (Organic Laws)ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိ မရှိ ဆုံးဖြတ်ပေးရန် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီသို့ တင်သွင်းရမည်ဖြစ်သည်။ ဥပဒေကြမ်းများကို အတည်ပြုပေးပါက နိုင်ငံတော်ဝန်ကြီးချုပ်နှင့် သက်ဆိုင်ရာအစိုးရအဖွဲ့ဝန်ကြီးများက လက်မှတ်ရေးထိုးရပါသည်။ ထို့နောက် နိုင်ငံတော်သမ္မတက ၁၅ ရက်အတွင်း ဥပဒေအဖြစ် ထုတ်ပြန်ရမည်ဖြစ်ပါသည်။

**တရားစီရင်ရေးကဏ္ဍ**

**၄၁။ ၁၉၅၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၆၄ အရ** နိုင်ငံတော်သမ္မတသည် တရားစီရင်ရေးအာဏာ၏ လွတ်လပ်မှုကို အာမခံပေးရသူဖြစ်သည်။ နိုင်ငံတော်သမ္မတအား တရားစီရင်ရေးကောင်စီက အကူအညီပေးရမည်။ နိုင်ငံတော်သမ္မတသည် တရားသူကြီးများအား ရာထူးမှ ဖယ်ရှားခြင်း မပြုနိုင်ပေ။

**၄၂။** ပြင်သစ်နိုင်ငံတွင် အောက်ဖော်ပြပါ တရားရုံးများကို ဖွဲ့စည်းတည်ထောင်ထားပါသည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီ

(ခ) တရားလွှတ်တော်ကောင်စီ

(ဂ) တရားလွှတ်တော် (The High Court)

(ဃ) နိုင်ငံတော်တရားမျှတမှုဆိုင်ရာတရားရုံး

(င) တရားလွှတ်တော်ချုပ်(Court of Cassation)

(စ) စီမံခန့်ခွဲရေးဆိုင်ရာတရားလွှတ်တော်ချုပ် (Consel d’Eat)

(ဆ) အငြင်းပွားမှုဖြေရှင်းရေးတရားရုံး (Tribunal Des Conflicts)

(ဇ) အမျိုးသားစာရင်းစစ်တရားရုံး

(ဈ) ဒေသဆိုင်ရာစာရင်းစစ်တရားရုံးများ

(ည) တရားမတရားရုံးများ

(ဋ) ပြစ်မှုဆိုင်ရာတရားရုံးများ

၄၃။ **ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီ။** ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၅၆ အရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီကို အဖွဲ့ဝင် (၉) ဦးဖြင့် ပါဝင်ဖွဲ့စည်းထားပြီး ၎င်းတို့၏ ရာထူးသက်တမ်းမှာ ပြန်လည်ရွေးချယ်ခံပိုင်ခွင့်မရှိဘဲ (၉) နှစ်ဖြစ်သည်။ အဖွဲ့ဝင် ၃ ပုံ ၁ ပုံကို ၃ နှစ်လျှင် တစ်ကြိမ် အသစ်ပြန်လည်ရွေးချယ်ရသည်။ အဖွဲ့ဝင် (၃) ဦးစီကို နိုင်ငံတော်သမ္မတ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အထက်လွှတ်တော်ဥက္ကဋ္ဌတို့က ခန့်အပ်သည်။ လွှတ်တော်အသီးသီး၏ဥက္ကဋ္ဌတို့သည် ၎င်းတို့၏ခန့်အပ်မှုများကို လွှတ်တော်များရှိ သက်ဆိုင်ရာလွှတ်တော်ကော်မတီတို့၏ သဘောထားရယူရန်အတွက် တင်ပြရမည်ဖြစ်သည်။ အဖွဲ့ဝင် (၉)ဦးအပြင် နိုင်ငံတော်သမ္မတဟောင်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီ၏ တစ်သက်တာအဖွဲ့ဝင်များဖြစ်ကြသည်။ ဥက္ကဋ္ဌကို နိုင်ငံတော်သမ္မတက ခန့်အပ်ပြီး အမှုများတွင် အဆုံးအဖြတ်မဲပေးရသည်။

၄၄။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီ၏ ဆုံးဖြတ်ချက်များသည် ပြည်သူ့အာဏာပိုင်များ၊ အုပ်ချုပ်ရေးအာဏာပိုင်အားလုံးနှင့် တရားရုံးများအားလုံးအပေါ် စည်းနှောင်မှုရှိပါသည်။ ၎င်း၏ဆုံးဖြတ်ချက်များအား အယူခံဝင်ရောက်နိုင်ခြင်းမရှိပေ။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီတွင် ဆုံးဖြတ်ချက်များနှင့် ထင်မြင်ယူဆချက်များကို အနည်းဆုံး အဖွဲ့ဝင် (၇)ဦးက ပေးရမည်ဖြစ်သည်။ ဆုံးဖြတ်ချက်များကို တရားဝင်ဂျာနယ်( ***in the Journal Officiel*** )တွင် ထုတ်ပြန်ရသည်။

၄၅။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီ၏ လုပ်ငန်းတာဝန်များမှာ–

(က) ဥပဒေကြမ်းများ၊ ဥပဒေများ၊ အပြည်ပြည်ဆိုင်ရာစာချုပ်စာတမ်း စာတမ်းများနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်းရှိ မရှိ စစ်ဆေးခြင်း၊

(ခ) ဥပဒေတစ်ရပ်၏ ဆောင်ရွက်ပိုင်ခွင့်နယ်ပယ်အမျိုးအစား ခွဲခြားပေးရန် တင်သွင်းလာမှုနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ခြင်း၊

(ဂ) ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ပေါ်ပေါက်လာသော အငြင်းပွားမှုများကို ဆုံးဖြတ်ခြင်း၊

(ဃ) နိုင်ငံတော်သမ္မတ ရွေးချယ်ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခြင်း၊

(င) ပါလီမန်လွှတ်တော်အမတ်များ ရွေးချယ်ခြင်းဆိုင်ရာ အငြင်းပွားမှုများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ခြင်း

(စ) နိုင်ငံတော်၏ အရေးပေါ်အခြေအနေဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခြင်း၊

(ဆ) ပြည်လုံးကျွတ်ဆန္ဒခံယူခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခြင်း

(ဇ) ပင်လယ်ရပ်ခြားဒေသများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခြင်း

၄၆။ **တရားလွှတ်တော်ကောင်စီ။** **တရား**လွှတ်တော်ကောင်စီသည် တရားသူကြီးများအပေါ် တရားစီရင်ခွင့်နှင့် အစိုးရရှေ့နေများအပေါ် တရားစီရင်ခွင့်ဟူ၍ ကဏ္ဍနှစ်ရပ်ဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

၄၇။ တရားသူကြီးများအပေါ် တရားစီရင်ခွင့်ကဏ္ဍတွင် တရားလွှတ်တော်ချုပ်(Court de Cassation) တရားသူကြီးချုပ်က ကြီးကြပ်ပြီး တရားသူကြီး (၅)ဦးနှင့် အစိုးရရှေ့နေ (၁)ဦး၊ နိုင်ငံတော်ကောင်စီက ခန့်အပ်သည့် နိုင်ငံတော်ကောင်စီဝင် (၁)ဦး၊ ရှေ့နေ (၁)ဦးနှင့် နိုင်ငံတော်သမ္မတ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အထက်လွှတ်တော်ဥက္ကဋ္ဌတို့က (၂)ဦးစီ ခန့်အပ်သည့် ပါလီမန်၊ တရားစီရင်ရေး သို့မဟုတ် စီမံခန့်ခွဲရေးအဖွဲ့ဝင်များမဟုတ်သည့် အရည်အချင်းရှိသော နိုင်ငံသား (၆)ဦး၊ စုစုပေါင်း (၁၄)ဦးဖြင့် ဖွဲ့စည်းသည်။

၄၈။ အစိုးရရှေ့နေများအပေါ် တရားစီရင်ရေးကဏ္ဍတွင် တရားလွှတ်တော်ချုပ်ရှိ အစိုးရရှေ့နေချုပ်က ကြီးကြပ်ပြီး အစိုးရရှေ့နေ (၅)ဦးနှင့် တရားသူကြီး (၁)ဦး၊ နိုင်ငံတော်ကောင်စီဝင် (၁)ဦးနှင့် ရှေ့နေ (၁)ဦး၊ နိုင်ငံတော်သမ္မတ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အထက်လွှတ်တော်ဥက္ကဋ္ဌတို့က (၂)ဦးစီ ခန့်အပ်သည့် ပါလီမန်၊ တရားစီရင်ရေး သို့မဟုတ် စီမံခန့်ခွဲရေးအဖွဲ့ဝင်များမဟုတ်သည့် အရည်အချင်းရှိသော နိုင်ငံသား (၆)ဦး၊ စုစုပေါင်း (၁၄)ဦးဖြင့် ဖွဲ့စည်းသည်။

၄၉။ **တရားလွှတ်တော်။** ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၆၈ တွင် ပါလီမန်သည် တရားလွှတ်တော်အဖြစ် ရုံးထိုင်ဆောင်ရွက်လျက် နိုင်ငံတော်သမ္မတအား စွပ်စွဲပြစ်တင်မှုကို

ကြေညာရန် တရားစီရင်ပိုင်ခွင့်ရှိသည်။ နိုင်ငံတော်သမ္မတအား ၎င်း၏တာဝန်များကို ချိုးဖောက်ခြင်းကြောင့် ဆက်လက်တာဝန်ထမ်းဆောင်ရန် ညီညွတ်မှုမရှိဟူသော အကြောင်း ပြချက်ဖြင့် ရာထူးမှ ဖယ်ရှားခြင်းမပြုရပေ။ ထိုကဲ့သို့ ရာထူးမှ ဖယ်ရှားခြင်းကို တရားလွှတ်တော်အဖြစ် ရုံးထိုင်သည့် ပါလီမန်က ဆုံးဖြတ်ကြေညာနိုင်ပါသည်။

၅၀။ ပါလီမန်လွှတ်တော်တစ်ရပ်က အတည်ပြုထားသည့် တရားလွှတ်တော် ခေါ်ယူရန် အဆိုပြုချက်ကို အခြားလွှတ်တော်သို့ ချက်ချင်းလွှဲပြောင်းပေးရမည်ဖြစ်ပြီး အဆိုပါလွှတ် တော်သည် အဆိုပြုချက်လက်ခံရရှိသည့်နေ့ရက်မှ (၁၅) ရက်အတွင်း ဆုံးဖြတ်ချက်ချမှတ်ရ မည်ဖြစ်သည်။


၅၁။ တရားလွှတ်တော်ကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကြီးကြပ်ပါသည်။ တရားလွှတ် တော်သည် လျှို့ဝှက်မဲဖြင့် ဆုံးဖြတ်ထားသော နိုင်ငံတော်သမ္မတအား ရာထူးမှ ဖယ်ရှားသည့် စီရင်ချက်ကို တစ်လအတွင်း ပေးပို့ရမည်ဖြစ်ပြီး တရားလွှတ်တော်၏ ဆုံးဖြတ်ချက်သည် ချက်ချင်းအကျိုးသက်ရောက်မှုရှိပါသည်။

၅၂။ စီရင်ချက်တွင် တရားလွှတ်တော် သို့မဟုတ် တရားလွှတ်တော်တွင် ပါဝင်သည့် လွှတ်တော်အဖွဲ့ဝင်များ သုံးပုံ နှစ်ပုံ များရာဆန္ဒမဲရရှိရန် လိုအပ်ကြောင်းနှင့် ကိုယ်စားပြု မဲပေးခွင့်မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

၅၃။ ထို့ကြောင့် တရားလွှတ်တော်သည် နိုင်ငံတော်သမ္မတအား စွပ်စွဲပြစ်တင်ရန် အကြောင်းပေါ်ပေါက်မှသာလျှင် ဖွဲ့စည်းသည့် (ad hoc) တရားရုံးတစ်ရုံးဖြစ်ကြောင်း တွေ့ရှိရသည်။

၅၄။ **နိုင်ငံတော်တရားမျှတမှုဆိုင်ရာတရားရုံး။** ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၆၈ (၂) အရ တရားမျှတမှုဆိုင်ရာတရားရုံးကို လွှတ်တော် (၂)ရပ်မှ ဦးရေတူညီစွာ ရွေးချယ်ထားသည့် ပါလီမန်အဖွဲ့ဝင် (၁၂)ဦးနှင့် တရားလွှတ်တော်ချုပ်တရားသူကြီး (၃)ဦး၊ စုစုပေါင်း (၁၅)ဦးဖြင့် ဖွဲ့စည်းထားပြီး တရားလွှတ်တော်ချုပ် တရားသူကြီး (၃)ဦးအနက် တရားသူကြီး (၁)ဦးသည် နိုင်ငံတော်တရားမျှတမှုဆိုင်ရာတရားရုံးကို ကြီးကြပ်ရပါသည်။

၅၅။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၆၈(၁) အရ နိုင်ငံတော်တရားမျှတမှုဆိုင်ရာတရားရုံး သည် အစိုးရအဖွဲ့ အဖွဲ့ဝင်များ တာဝန်ထမ်းဆောင်နေစဉ် ကျူးလွန်ခဲ့သော ပြစ်မှုများအတွက် စစ်ဆေးစီရင်နိုင်ကြောင်း ပြဋ္ဌာန်းထားပါသည်။




ပြင်သစ်နိုင်ငံ၏တရားစီရင်ရေးစနစ်

## စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကောင်စီ

၅၆။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၇၁ အရ စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကောင်စီကို (၂၃၃)ဦးထက် မပိုသော အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းပါသည်။

၅၇။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၆၉ အရ စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကောင်စီသည် အစိုးရအဖွဲ့မှ တင်သွင်းလာသည့် အစိုးရအဖွဲ့ ဥပဒေမူကြမ်းများ၊ အမိန့်ပြန်တမ်းမူကြမ်းများ၊ ဒီကရီမူကြမ်းများနှင့် အဖွဲ့ဝင်များ တင်သွင်းသည့် ဥပဒေမူကြမ်းများနှင့်ပတ်သက်၍ ၎င်း၏ထင်မြင်ယူဆချက်များကိုပေးသည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရပါသည်။

၅၈။ စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကောင်စီသည် အဆိုပါမူကြမ်းများနှင့်ပတ်သက်၍ ကောင်စီ၏ထင်မြင်ယူဆချက်ကို တင်ပြရန် အဖွဲ့ဝင်(၁)ဦးအား ပါလီမန်လွှတ်တော်များသို့ စေလွှတ်နိုင်သည်။

၅၉။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၇၀ အရ အစိုးရအဖွဲ့နှင့် ပါလီမန်သည် စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်တို့နှင့်စပ်လျဉ်း၍ ကောင်စီကို ဆွေးနွေး တိုင်ပင်နိုင်ပါကြောင်း ပြဋ္ဌာန်းထားပါသည်။

**နိုင်ငံသားဖြစ်မှု**

၆၀။ ပြင်သစ်နိုင်ငံသားဖြစ်ခွင့်သည် မွေးရာပါနိုင်ငံသားဖြစ်ခွင့်နှင့် သွေးသားတော်စပ်မှု အပေါ်အခြေခံခြင်းတို့ဖြစ်ပါသည်။ ကလေးငယ်တစ်ဦးသည် ပြင်သစ်နိုင်ငံအတွင်း မွေးဖွား ခြင်းမဟုတ်သော်လည်း မိဘတစ်ဦးဦးက ပြင်သစ်နိုင်ငံသားဖြစ်လျှင် ၎င်းကလေးငယ်သည် ပြင်သစ်နိုင်ငံသားဖြစ်ခွင့်ရရှိသည်။ ထို့အပြင် မိဘများသည် ပြင်သစ်နိုင်ငံသားများမဟုတ် သော်လည်း ကလေးငယ်များသည် ပြင်သစ်နိုင်ငံအတွင်း မွေးဖွားလျှင် နိုင်ငံသားဖြစ်ခွင့် လျှောက်ထားပါက ပြင်သစ်နိုင်ငံသားဖြစ်လာနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်အဖွဲ့ (The Defender of Rights)**

၆၁။ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်အဖွဲ့နှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၇၁(၁)တွင် ပြဋ္ဌာန်းထားပါသည်။ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်အဖွဲ့ဆိုသည် မှာ ဥပဒေအရ သတ်မှတ်ထားသည့် အောက်ဖော်ပြပါ နယ်ပယ် (၅)ခုတွင် လူပုဂ္ဂိုလ် တစ်ဦးချင်း၏ အခွင့်အရေးများနှင့် လွတ်လပ်မှုများကို တာဝန်ခံရသော လွတ်လပ်သော အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်-

(က) ပြည်သူ့ဝန်ဆောင်မှုရယူသူများ၏ အခွင့်အရေးများကို ကာကွယ်ပေးခြင်း၊

(ခ) ကလေးသူငယ်များ၏ အခွင့်အရေးများကို ကာကွယ်ပေးခြင်း၊

(ဂ) လုံခြုံရေးတပ်ဖွဲ့များ (ရဲ၊ ပြင်သစ်ရဲတပ်ဖွဲ့၊ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုများ) က တိုင်းရင်းသားများကို ကာကွယ်စောင့်ရှောက်ရေး၊

(ဃ) တန်းတူညီမျှမှု မြှင့်တင်ရေးနှင့် ခွဲခြားဆက်ဆံမှု ဆန့်ကျင်ရေး၊

(င) သတင်းပေးသူများအား လမ်းညွှန်မှုပေးရေးနှင့် အကာအကွယ်ပေးရေး၊

၆၂။ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်အဖွဲ့အား ပြန်လည်ရွေးချယ်နိုင်မှုမရှိဘဲ သက်တမ်း (၆)နှစ်အတွက် နိုင်ငံတော်သမ္မတက ခန့်အပ်ပါသည်။ အခွင့်အရေးကာကွယ် စောင့်ရှောက်သည့်အဖွဲ့သည် ၎င်း၏ဆောင်ရွက်ချက်များအတွက် နိုင်ငံတော်သမ္မတနှင့် ပါလီမန်ကို တာဝန်ခံရသည်။

**အခြေခံအခွင့်အရေးများ**

၆၃။ ၁၉၅၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခြေခံအခွင့်အရေးများနှင့်ပတ်သက်၍ တိုက်ရိုက်မပါဝင်သော်လည်း ၎င်း၏နိဒါန်းတွင် ၁၇၈၉ ခုနှစ် လူပုဂ္ဂိုလ်များနှင့် နိုင်ငံသားများ၏ အခွင့်အရေးကြေညာစာတမ်း (the 1789 Declaration of the Rights of Man and of the Citizen)၊ ၁၉၄၆ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ နိဒါန်းနှင့် ၂၀၀၄ ခုနှစ်၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာပဋိညာဉ်စာတမ်းပါ အခွင့်အရေးနှင့် တာဝန်များကို ညွှန်းဆိုထားသည်။ ၁၉၄၆ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၏နိဒါန်းတွင် သပိတ်မှောက်ပိုင်ခွင့်နှင့် ပြည်ထောင်စုအခွင့်အရေးများကဲ့သို့ "ကျွန်ုပ်တို့ခေတ်တွင် အထူးလိုအပ်ချက်များ"ဖြစ်သော နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာမူသဘောတရားများကို ပြဋ္ဌာန်းထားပါသည်။ ၁၇၈၉ ခုနှစ် လူပုဂ္ဂိုလ်များနှင့် နိုင်ငံသားများ၏ အခွင့်အရေးကြေညာစာတမ်းတွင် လူပုဂ္ဂိုလ်တစ်ဦးချင်း၏လွတ်လပ်ခွင့်၊ ဥပဒေရေးရာတွင် တန်းတူညီမျှမှု၊ ပြစ်မှုဆိုင်ရာဥပဒေများသည် နောက်ကြောင်းပြန် အာဏာသက်ရောက်မှုမရှိစေရနှင့် ပစ္စည်းပိုင်ဆိုင်ခွင့်ကဲ့သို့သော မူသဘောတရားများကို ဖော်ပြထားသည်။

၆၄။ ၁၉၅၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁ တွင် ဇာတိ၊ လူမျိုး သို့မဟုတ် ကိုးကွယ်ရာဘာသာတို့ကို ခွဲခြားမှုမရှိဘဲ နိုင်ငံသားအားလုံးသည် ဥပဒေရေးရာတွင် တန်းတူညီမျှမှုရှိကြောင်း နိုင်ငံတော်က အာမခံပေးရမည်ဟူ၍ ပြဋ္ဌာန်းထားပါသည်။

၆၅။ ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားသည့် အခြေခံအခွင့်အရေးများကို ကန့်သတ်ထားခြင်းမရှိသော်လည်း နိုင်ငံ၏အရေးပေါ်အခြေအနေများတွင်မူ အဆိုပါအခွင့်အရေးကို ကန့်သတ်နိုင်ကြောင်း ပုဒ်မ ၁၆ တွင် ပြဋ္ဌာန်းထားသည်ကို လေ့လာတွေ့ရှိရပါသည်။

**တပ်မတော်နှင့် နိုင်ငံတော်အရေးပေါ်အခြေအနေ**

၆၆။ ၁၉၅၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၅ တွင် နိုင်ငံတော်သမ္မတသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖြစ်ကြောင်းကို ပထမဆုံးသမ္မတ General de Gaulleu က ထည့်သွင်းပြဋ္ဌာန်းခဲ့ပါသည်။ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်ကာကွယ်ရေးအဆင့်မြင့်ကောင်စီများနှင့် ကော်မတီများတွင် ဥက္ကဋ္ဌဖြစ်ပါသည်။ နိုင်ငံတော်ကာကွယ်ရေးအဆင့်မြင့်ကောင်စီများကို နိုင်ငံတော်သမ္မတအကြံပေးပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပါသည်။ နိုင်ငံတော်ကာကွယ်ရေးကော်မတီတွင် သက်ဆိုင်ရာအစိုးရအဖွဲ့ ဝန်ကြီးများ ပါဝင်ပါသည်။

၆၇။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၃ အရ တပ်မတော်အဆင့်မြင့်အရာရှိများ ခန့်အပ်ရန် အခွင့်အာဏာကို နိုင်ငံတော်သမ္မတထံတွင် အပ်နှင်းထားပါသည်။ နိုင်ငံတော်သမ္မတသည် ပါလီမန်၏သဘောတူညီချက်ဖြင့် စစ်ကြေညာနိုင်ပါသည်။

၆၈။ ၁၉၅၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၁ အရ ဝန်ကြီးချုပ်သည် နိုင်ငံတော်ကာကွယ်ရေး(national defence)အတွက် တာဝန်ရှိပါသည်။

၆၉။ ပြင်သစ်နိုင်ငံသည် မြောက်အတ္တလန္တိတ်သဘောတူစာချုပ်အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ မြောက်အတ္တလန္တိတ်သဘောတူစာချုပ်အဖွဲ့၏တပ်မတော်သည် ကမ္ဘာ့ငြိမ်းချမ်းရေး ထိန်းသိမ်းမှုများတွင် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

၇၀။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၆ အရ နိုင်ငံတော်အဖွဲ့အစည်းများ၊ နိုင်ငံတော်၏ လွတ်လပ်ရေး၊ နယ်မြေတည်တံ့ခိုင်မြဲရေး သို့မဟုတ် နိုင်ငံတကာကတိကဝတ်များ ဖြည့်ဆည်းမှုတို့ကို အပြင်းအထန်ခြိမ်းခြောက်လာခဲ့လျှင်ဖြစ်စေ၊ ပြည်သူ့အာဏာပိုင်များ၏ လုပ်ငန်းတာဝန်များကို ဝင်ရောက်စွက်ဖက်လာခဲ့လျှင်ဖြစ်စေ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်ဝန်ကြီးချုပ်၊ လွှတ်တော်(၂)ရပ်နှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကောင်စီတို့နှင့် ညှိနှိုင်းတိုင်ပင်၍ နိုင်ငံတော်အရေးပေါ်အခြေအနေကြေညာနိုင်ပါသည်။ အဆိုပါ ကြေညာချက်နှင့်ပတ်သက်၍ နိုင်ငံတော်သို့ မိန့်ခွန်းပြောကြားရမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

၇၁။ ထို့အပြင် အရေးပေါ်အခြေအနေတွင် ပြည်သူ့အာဏာပိုင်များကို ၎င်းတို့၏တာဝန်များ ထမ်းဆောင်ရန် ဖြစ်နိုင်သမျှ မြန်မြန် စီမံဆောင်ရွက်ပေးရမည်ဖြစ်ပြီး အဆိုပါစီမံဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီကို ညှိနှိုင်းတိုင်ပင်ရသည်။ ပါလီမန်သည် ရုံးထိုင်ရမည်ဖြစ်ပြီး အရေးပေါ်ကာလအတွင်း အမျိုးသားလွှတ်တော်ကို ဖျက်သိမ်းခြင်းမပြုနိုင်ကြောင်း ပြဋ္ဌာန်းထားပါသည်။

**ဥရောပသမဂ္ဂ**

၇၂။ ဥရောပသမဂ္ဂသည် ဥရောပတိုက်အတွင်းရှိ နိုင်ငံပေါင်း ၁၄ နိုင်ငံဖြင့် ဖွဲ့စည်းထားသည့် အင်အားတောင့်တင်းခိုင်မာသော နိုင်ငံရေးနှင့်စီးပွားရေးဆိုင်ရာအဖွဲ့အစည်း (the supranational political and economic Union) တစ်ရပ်ဖြစ်သည်။ အဆိုပါ ဥရောပသမဂ္ဂနှင့်ပတ်သက်၍ ပြင်သစ်နိုင်ငံ၏ ၁၉၅၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခန်း(၁၅)၊ ပုဒ်မ ၈၈ (၁) မှ (၇)အထိ သီးခြားပြဋ္ဌာန်းထားပါသည်။

၇၃။ ပြင်သစ်အစိုးရအဖွဲ့သည် ဥရောပ ဥပဒေပြုရေးဆိုင်ရာ ဥပဒေမူကြမ်းများ (draft of European legislative acts)နှင့် ဥရောပသမဂ္ဂ၏ အခြားသော ဥပဒေမူကြမ်းများ သို့မဟုတ် အဆိုပြုချက်များကို အမျိုးသားလွှတ်တော်နှင့် အထက်လွှတ်တော်သို့ တင်သွင်းရမည်ဖြစ်သကဲ့သို့ ဥရောပသမဂ္ဂသို့ ပေးပို့ရမည်ဖြစ်ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၈၈ (၄) တွင် ပြဋ္ဌာန်းထားပါသည်။

၇၄။ ဥရောပသမဂ္ဂ၏ကိစ္စရပ်များကို ဆောင်ရွက်ရန် ပါလီမန်လွှတ်တော်အသီးသီးတွင် ကော်မတီတစ်ရပ်ကို ဖွဲ့စည်းရမည်ဖြစ်ကြောင်းကိုလည်း လေ့လာတွေ့ရှိရပါသည်။ ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံနှင့် သက်ဆိုင်သော စာချုပ်ကို အတည်ပြုရန် ခွင့်ပြုပေးမည့် အစိုးရဥပဒေကြမ်းတစ်ရပ်ရပ်အား ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ပြင်သစ်နိုင်ငံသမ္မတသည် ဥရောပသမဂ္ဂသို့ တင်သွင်းနိုင်သည်။

**ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (New Caledonia)**

၇၅။ New Caledoniaဒေသသည် ပြင်သစ်နိုင်ငံ၏ တစ်ခုတည်းသော ပြင်သစ်ဒေသဆိုင်ရာအစိုးရအဖွဲ့ဖြစ်ပါသည်။ New Caledoniaဒေသ အစိုးရနှင့် ပါလီမန်သည် ပြင်သစ်အစိုးရ၏သဘောတူညီချက်မလိုအပ်ဘဲ ဥပဒေများကို အတည်ပြုပြဋ္ဌာန်းရန် အခွင့်အာဏာရှိပါသည်။ သို့သော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီက စီရင်ချက်တစ်ခုတွင် အဆိုပါဥပဒေများသည် တရားမဝင်ဖြစ်ပါသည်ဟု ဆုံးဖြတ်ချက်မရှိရကြောင်း တွေ့ရှိရပါသည်။ ၁၉၉၈ ခုနှစ် Noumea Accordပါ သဘောတူညီချက်အရ New Caledoniaနိုင်ငံသားဖြစ်ခွင့်ကို အတည်ပြုသတ်မှတ်ခဲ့ပြီး New Caledoniaဒေသသည် ကိုယ်ပိုင်ဆန္ဒခံယူပွဲကို ၂၀၁၈ ခုနှစ်၊ ၂၀၂၀ ခုနှစ်နှင့် ၂၀၂၁ ခုနှစ်တို့တွင် ကျင်းပခဲ့ပါသည်။ New Caledonia ဒေသကို Province ပေါင်း (၃)ခုဖြင့် ခွဲခြားထားပြီး အဆိုပါ Provinceများအား Communeပေါင်း (၃၃) ခုဖြင့် ထပ်မံခွဲခြားထားကြောင်း တွေ့ရှိပါသည်။ အဆိုပါဒေသများတွင် အမြဲတမ်းနေထိုင်သူအရပ်သားများမရှိဘဲ တပ်မတော်သားများ၊ သိပ္ပံသုတေသနပညာရှင်များနှင့် အကူဝန်ထမ်းများ နေထိုင်ကြကြောင်း လေ့လာတွေ့ရှိရပါသည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း**

၇၆။ ဝန်ကြီးချုပ်၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်သမ္မတကလည်းကောင်း သို့မဟုတ် ပါလီမန်အဖွဲ့ဝင်များကလည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအဆိုများကို စတင်တင်သွင်းပိုင်ခွင့်ရှိသည်။

၇၇။ အစိုးရ သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက တင်သွင်းသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးမူကြမ်းကို လွှတ်တော် ၂ ရပ်အနက် လွှတ်တော်တစ်ရပ်ရပ်တွင် စတင်တင်သွင်းရပြီး စတင်တင်သွင်းခံရသည့် လွှတ်တော်တွင် အဆိုပါဥပဒေကြမ်းကို (၆)ပတ်အတွင်း ဆွေးနွေးရသည်။ ထို့နောက် ကျန်လွှတ်တော်သို့ အဆိုပါဥပဒေမူကြမ်းကို ပေးပို့၍ ထိုလွှတ်တော်တွင် (၄)ပတ်အတွင်း ဆွေးနွေးတိုင်ပင်ဆုံးဖြတ်ရမည်ဖြစ်သည်။ လွှတ်တော် ၂ ရပ်စလုံးက တူညီစွာဖြင့် အဆိုပါဥပဒေမူကြမ်းကို လက်ခံပါက ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုရမည်ဖြစ်သည်။ ယင်းဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်သည် အာဏာသက်ရောက်မည်ဖြစ်ပါသည်။

၇၈။ သို့ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအတွက် နိုင်ငံတော်သမ္မတက ပါလီမန်သို့ တင်သွင်းသည့် ဥပဒေကြမ်းတစ်ရပ်အပေါ် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရန် မလိုအပ်ဘဲ လွှတ်တော်ကိုယ်စားလှယ် ၅ ပုံ ၃ ပုံ၏ သဘောတူညီချက်ဖြင့် ပြင်ဆင်နိုင်ပါသည်။

၇၉။ နိုင်ငံတော်နယ်နိမိတ်တည်တံ့ခိုင်မြဲရေးကို ထိခိုက်စေမည်ဆိုပါလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခွင့်မရှိကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၈၉ တွင် ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။

**အပြန်အလှန်ထိန်းကျောင်းခြင်း**

၈၀။ ပြင်သစ်နိုင်ငံ၏ အချုပ်အခြာအာဏာဖြစ်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို ခွဲဝေကျင့်သုံးပြီး အပြန်အလှန်ထိန်းကျောင်းမှုပြုကြောင်း လေ့လာတွေ့ရှိရသည်။

၈၁။ ဥပဒေပြုအဖွဲ့သည် ဥပဒေပြုပိုင်ခွင့်အာဏာရှိသည့်အပြင် အုပ်ချုပ်ရေးအဖွဲ့အပေါ် (နိုင်ငံတော်သမ္မတ၊ ဝန်ကြီးချုပ်နှင့် အုပ်ချုပ်ရေးအဖွဲ့များအား) စွပ်စွဲပြစ်တင်နိုင်ခြင်း၊ စစ်ကြေညာခြင်း၊ နိုင်ငံခြားတိုင်းပြည်များသို့ လက်နက်ကိုင်တပ်ဖွဲ့များစေလွှတ်ခြင်း၊ နိုင်ငံ၏ နယ်နိမိတ်အတွင်း နိုင်ငံခြားလက်နက်ကိုင်တပ်ဖွဲ့များ ဝင်ရောက်စေခြင်းတို့နှင့်စပ်လျဉ်း၍ အတည်ပြုထောက်ခံခြင်း၊ တရားစီရင်ရေးအဖွဲ့အပေါ် တရားသူကြီးများ ခန့်အပ်မှုကို ထောက်ခံအတည်ပြုခြင်းဖြင့် ထိန်းကျောင်းနိုင်ပါသည်။

၈၂။ အုပ်ချုပ်ရေးအဖွဲ့သည် ဥပဒေများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အခွင့်အာဏာရှိသည့်အပြင် ဥပဒေပြုအဖွဲ့ အထူးအစည်းအဝေးများခေါ်ယူနိုင်ခြင်း၊ အမျိုးသားလွှတ်တော်ကို ရုတ်သိမ်းပိုင်ခွင့်ရှိခြင်း၊ ဥပဒေ ပြဋ္ဌာန်းရန် ထောက်ခံချက်ပေးခြင်း၊ စစ်အုပ်ချုပ်ရေးဥပဒေ ထုတ်ပြန်ခြင်းဖြင့် ထိန်းကျောင်းနိုင်ပြီး တရားစီရင်ရေးအဖွဲ့အပေါ် တရားစီရင်ရေး

ကဏ္ဍအား လွတ်လပ်စွာတရားစီရင်နိုင်ရန် အာမခံပေးခြင်း၊ နိုင်ငံတော်သမ္မတသည် တရားသူကြီးချုပ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီ တရားသူကြီးများကို ခန့်အပ်နိုင်ခြင်းဖြင့် ထိန်းကျောင်းခြင်းပြုကြောင်း တွေ့ရှိရပါသည်။

၈၃။ တရားစီရင်ရေးအဖွဲ့၏ အပြန်အလှန်ထိန်းကျောင်းမှု အခွင့်အာဏာအနေဖြင့် ဥပဒေပြုရေးက ဆောင်ရွက်သည့် ဥပဒေကြမ်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိမရှိ ဆုံးဖြတ်နိုင်သည့် အခွင့်အာဏာရှိသည့်အပြင် အုပ်ချုပ်မှုအဖွဲ့၏ ကန့်သတ်ထိန်းချုပ်မှုမရှိဘဲ လွတ်လပ်စွာ တရားစီရင်နိုင်ခြင်း၊ နိုင်ငံတော်သမ္မတ ရွေးချယ်ခြင်းဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံတော်၏အရေးပေါ်အခြေအနေဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ မရှိ စိစစ်ခြင်း စသည့်နည်းလမ်းများဖြင့် အုပ်ချုပ်ရေးအဖွဲ့အပေါ် ထိန်းကျောင်း မှုပြုနိုင်ကြောင်း တွေ့ရှိရပါသည်။

**နိဂုံး**

၈၄။ ပြင်သစ်သမ္မတနိုင်ငံသည် တစ်ပြည်ထောင်စနစ်ကျင့်သုံးသော နိုင်ငံဖြစ်သော်လည်း ဗဟိုချုပ်ကိုင်မှုလျော့ချခြင်းအား တိုးမြှင့်ဆောင်ရွက်နေသည့် နိုင်ငံလည်းဖြစ်ပါသည်။ ဥပဒေပြုရေးတွင် လွှတ်တော် ၂ နှစ်ရပ်ရှိပြီး လွှတ်တော်များ၏ သက်တမ်းမှာ လွှတ်တော်တစ်ခုနှင့် တစ်ခု မတူညီကြသည့်အပြင် အထက်လွှတ်တော်ကိုယ်စားလှယ်များအား ရွေးချယ်ရာတွင် ၃ နှစ်လျှင် တစ်ကြိမ် အစားထိုးရွေးချယ်ကြသည်ကို လေ့လာတွေ့ရှိရသည်။ ပြင်သစ်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဟူ၍ ခွဲခြားထားသော်လည်း အမှန်တကယ်အားဖြင့် ဥပဒေပြုရေးသည် နိုင်ငံ၏ဥပဒေပြုရေးသာမက နိုင်ငံတော်သမ္မတကို စွပ်စွဲပြစ်တင်ခြင်းဆိုင်ရာကိစ္စရပ်များအတွက် ပါလီမန်က တရားလွှတ်တော်အဖြစ် ဆောင်ရွက်၍ စစ်ဆေးစီရင်ခြင်း၊ အစိုးရအဖွဲ့များ၏ ကျူးလွန်သည့်ပြစ်မှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်တရားမျှတမှုဆိုင်ရာတရားရုံးတွင် လွှတ်တော်ကိုယ်စားလှယ် ၁၂ ဦးက ပါဝင်ဆောင်ရွက်ကြသော်လည်း တရားရုံးများ၏ အမည်ဖြင့် စစ်ဆေးစီရင်မှုများကို ဆောင်ရွက်ကြသည်ကို ထူးခြားစွာဖြင့် လေ့လာတွေ့ရှိရပါသည်။ ဥပဒေပြုရေးကဏ္ဍသည် နိုင်ငံတွင် (Supreme legislative body) ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၈၅။ ထို့အပြင် တရားစီရင်ရေးမဏ္ဍိုင် လွတ်လပ်မှုအတွက် တရားသူကြီးများအား အရေးယူဆောင်ရွက်မှုအား အုပ်ချုပ်ရေးအဖွဲ့က ဆောင်ရွက်ပိုင်ခွင့်မရှိဘဲ တရားလွှတ်တော်ကောင်စီကသာ ဆောင်ရွက်ရသည်ကို တွေ့ရှိရသည်။ ထို့အပြင် တရားရုံးများဖွဲ့စည်းရာတွင် လွှတ်တော်ကိုယ်စားလှယ်ဖြင့် ad hoc ဖွဲ့စည်းထားသည့် တရားလွှတ်တော်နှင့် အမြဲတမ်း

ဖွဲ့စည်းထားသည့် နိုင်ငံတော်တရားမျှတမှုဆိုင်ရာတရားရုံးတို့ကို အခြားနိုင်ငံများနှင့် မတူညီဘဲ ဖွဲ့စည်းထားသည်ကို တွေ့ရှိရပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီ သည် ဥပဒေများသာမက ဥပဒေကြမ်းများကိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိ မရှိ စိစစ်နိုင်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရာ တွင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက် ဥပဒေမူကြမ်းကို လွှတ်တော် ၂ နှစ်ရပ်သို့ တင်သွင်းပြီး သဘောတူညီပါက ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရန်လိုအပ်ပြီး နိုင်ငံတော် သမ္မတက ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက် ဥပဒေမူကြမ်းအား ပါလီမန်သို့ တိုက်ရိုက် တင်သွင်းသည့်အခါ လွှတ်တော်ကိုယ်စားလှယ် ၅ ပုံ ၃ ပုံ၏ သဘောတူညီချက်ရရှိလျှင် ပြင်ဆင်နိုင်ပြီး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရန်မလိုအပ်ကြောင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် ပြင်သစ်နိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြင်ဆင်ရန် လွယ်ကူသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

## ကျမ်းကိုးစာရင်း

၁။ ပြင်သစ်နိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၅၈)

၂။ ကမ္ဘာ့နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအဘိဓာတ် အတွဲ(၂)၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

၃။ ကမ္ဘာ့နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးများ (၂)၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

၄။ Gerhard Robbers, Encyclopedia of World constitutions, New York NY 10001, 2007, ISBN 0-8160-6078-9

၅။ Institutional Act on the Constitutional Council as amended by Ordinance No 59-223 of 4 February 1959, No 74-1101 0f 26 December 1974 and No 95-63 0f 19 January 1995

၆။ The French legal system, Edited by Ministy of Justice/2012 (www.justice.gouv.fr)

၇။ French History, Past History of the French People and Country (french-property.com)

၈။ https://en.wikipedia.org/wiki/Administrative_divisions_of_France

၉။ https://www.defenseurdesdroits.fr/sites/default/files/atoms/files/synt-plaq-insti-gb-num-23.04.20.pdf

၁၀။ https://en.wikipedia.org/wiki/Jurisdictional_dualism_in_Franc

၁၁။ https://www.mondly.com/blog/french-speaking-countries/#:~:text=According%20to%20recent%20data%20from,total%20number%20to%20300%20million.